# ကျေးရွာအဆင့် ဒေသန္တရအစိုးရ၏အဓိကတာဝန် နှင့် လုပ်ငန်းဆောင်တာများ

၁။ ကျေးရွာ၏အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေး

၂။ ပြည်သူ့ကျန်းမာရေးနှင့် ကျေးရွာသန့်ရှင်း သာယာလှပရေး

၃။ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

၄။ ပညာရေးနှင့် စာတတ်မြောက်ရေး

၅။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး

၆။ လူမှုဝန်ထမ်းနှင့် ရပ်ရွာဝန်ဆောင်မှုများ

၇။ မြေယာနှင့် အိမ်ခြံမြေစီမံခန့်ခွဲမှု

၈။ ကျေးရွာအဆင့်စီးပွားရေးမြှင့်တင်ခြင်း

၉။ ကျေးရွာဘေးကင်းလုံခြုံရေး

၁၀။ ကျေးရွာလူထုပူးပေါင်းပါဝင်မှုနှင့် ကိုယ်စား ပြုမှုရှိရေး

# ၁။ ကျေးရွာ၏အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး

## (Local Infrastructure Development)

- ❑ လမ်းများနှင့် လျှောက်လမ်းများ- ရွာလမ်းများ၊ လူသွားလမ်းများနှင့် တံတားငယ်များကို တည်ဆောက်ထိန်းသိမ်းခြင်း၊
- ❑ ရေပေးဝေခြင်း- ရေတွင်းရေကန်များ၊ သို့မဟုတ် ပိုက်လိုင်း များမှတစ်ဆင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို စီမံ ပေးခြင်း
- ❑ ဆည်မြောင်း- စိုက်ပျိုးရေးကို အထောက်အကူပြုရန် အသေးစားဆည်မြောင်းများကို စီမံဆောင်ရွက်ပေးခြင်း
- ❑ လမ်းမီးအလင်းရောင်- အများသူငှာနေရာများတွင် လမ်းမီးအလင်းရောင်များ တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း
- ❑ ပန်းဥယျာဉ်- အများသူငှာအပန်းဖြေအနားယူရန် ပန်းဥယျာဉ်၊ ကစားကွင်း ပြုလုပ်ထိန်းသိမ်းပေးခြင်း၊
- ❑ အဆောက်အဦးများ- စာကြည့်တိုက်၊ ဆေးပေးခန်း၊ မီးသတ်၊ စီမံခန့်ခွဲရေးရုံးတို့ကို စီမံပေးခြင်း

# ၂။ပြည်သူ့ကျန်းမာရေးနှင့် ကျေးရွာသန့်ရှင်းသာယာလှပရေး
# (Public Health and Sanitation)

- အမှိုက်စီမံခန့်ခွဲမှု- ကျေးရွာတွင်အမှိုက်များကို စနစ်တကျ စုစည်းခြင်းနှင့် စွန့်ပစ်ခြင်းအတွက်စီမံပေးခြင်း၊ အထူးသဖြင့် ပလပ်စတစ်အမှိုက်များစွန့်ပစ်ခြင်းကိုစနစ်တကျစီမံပေးခြင်း
- သန့်ရှင်းရေးဆိုင်ရာ အထောက်အကူများ- အိမ်တိုင်းတွင် သန့်ရှင်းသောအိမ်သာများကိုဆောက်လုပ်အသုံးပြုစေခြင်း
- ရေနုတ်မြောင်းနှင့်ချောင်းများ- ရေနုတ်မြောင်းစနစ်များစီမံဖေါက်လုပ်ခြင်း၊ ကျေးရွာအတွင်း သို့မဟုတ် ကျေးရွာအနီးချောင်းမြောင်းများရေစီးရေလာကောင်းအောင်ဆောင်ရွက်ခြင်း ၊ ချောင်းဘေးတစ်ဖက်တစ်ချက်တွင် သန့်ရှင်းလှပရှုခင်း ပသာဒဖြစ်အောင်ဆောင်ရွက်ခြင်း၊ ချောင်းကမ်းဘေးတွင် အိမ်သာ ဆောက်လုပ်ခြင်းကို တားဆီးခြင်း၊ ချောင်းထဲသို့ အမှိုက်စွန့်ပစ်ခြင်းကိုတားဆီးခြင်း
- ကျန်းမာရေးဝန်ဆောင်မှုများ- ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများ၊ ကျန်းမာရေးအသိပညာပေး အစီအစဉ်များနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုများ

# ၃။ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး
## (Agriculture and Rural Development)

- စိုက်ပျိုးရေး အတွက် ပံ့ပိုးမှုများ - စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူများအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် နည်းပညာ ဆိုင်ရာ အကြံဉာဏ်များထောက်ပံ့ပေးဆောင်ခြင်း
- ဆည်မြောင်းစနစ်များ- စိုက်ပျိုးမွေးမြူရေးအတွက် ရေရရှိရေး ဆည်ငယ်များ၊ တူးမြောင်းများကို စီမံခန့်ခွဲပေးခြင်း
- ဈေးကွက်ရရှိရေး- စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်တွင် လွယ်ကူချောမွေ့စွာ ဝင်ရောက်ရောင်းချနိုင်ရန်စီမံပေးခြင်း။ ဈေးကွက်ချဲ့ထွင်ရေးပံ့ပိုးပေးခြင်း

# ၄။ ပညာရေးနှင့် စာတတ်မြောက်ရေး

# (Education and Literacy)

- အခြေခံပညာကျောင်းများ- အခြေခံပညာ (မူလတန်း၊ အလယ်တန်း၊အထက်တန်း) ကို ကလေးလူငယ်တိုင်း တက်ရောက်သင်ကြားနိုင်ရေး ကူညီပေးခြင်း
- သက်ကြီးစာတတ်မြောက်ရေး အစီအစဉ်များ- စာမတတ် သောလူကြီးများအတွက် စာတတ်မြောက်ရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်း
- ပညာရေးဆိုင်ရာ အသိပညာပေးခြင်း - ကျေးရွာရှိ ကလေးသူငယ်များအား ကျောင်း ထားနိုင်ရေးအတွက် အားပေးကူညီခြင်း၊ အထူးသဖြင့် မိန်းကလေးများကို ကျောင်းတွင် စာသင်ကြားနိုင်ရေးအားပေးကူညီခြင်း

# ၅။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး

# (Environmental Protection)

- သစ်တော ပြုန်းတီးမှုကို ကာကွယ်ခြင်း - သစ်တော များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းတို့ကို အားပေးခြင်း
- ရေထိန်းသိမ်းခြင်း- ရေကန်များ၊ ရေတွင်းများနှင့် အခြားရေ အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊
- တောရိုင်းတိရိစ္ဆာန်ကာကွယ်ထိမ်းသိမ်းခြင်း- တောရိုင်း တိရစ္ဆာန်များအားသတ်ဖြတ်ခြင်းကို တားဆီးခြင်းနှင့် ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများကို ထိမ်းသိမ်းကာကွယ်ခြင်း
- တောမီးရှို့ခြင်းကို တားဆီးခြင်း- မီးပေါ့ဆမှု သို့မဟုတ် တောင်ယာမီးရှို့ခြင်းတို့မှ တောမီး ကူးစက်လောင်ကျွမ်းမှုမဖြစ် စေရေးတားဆီးခြင်း

# ၆။ လူမှုဝန်ထမ်းနှင့် ရပ်ရွာဝန်ဆောင်မှုများ

# (Social Welfare and Community Services)

- ထိခိုက်လွယ်သောအုပ်စုများအတွက် ပံ့ပိုးမှု- သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မုဆိုးမများနှင့် ဝင်ငွေနည်း မိသားစု များကို ကူညီပေးခြင်း၊
- သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး- ရေကြီးခြင်း၊ မိုးခေါင်ခြင်း သို့မဟုတ် ဆိုင်ကလုန်းမုန်တိုင်းများကဲ့သို့ သဘာ ဝဘေးအန္တရာယ်များအတွင်း အရေးပေါ်အကူအညီများ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊
- ကျေးရွာပွဲလမ်းသဘင်များ ကျင်းပပေးခြင်း - ရပ်ရွာလူထု၏ စိတ်ပျော်ရွှင်ရေးနှင့် ရိုးရာဓလေ့ကို မြှင့်တင်ပေးရန် အတွက် ယဉ်ကျေးမှုနှင့် ဘာသာရေးပွဲတော်များ ကျင်းပခြင်း (ပွဲလမ်းသဘင်များကျင်းပပြီးနောက်အမှိုက်များ ကိုပြန်လည်ကောက်ယူသန့်ရှင်းနေစေရေးစီမံပေးခြင်း)

## ၇။ မြေယာနှင့် အိမ်ခြံမြေစီမံခန့်ခွဲမှု(Land and Property Management)

- ကျေးရွာမြေစာရင်းကို ပြုစုထိန်းသိမ်းထားခြင်း- ကျေးရွာမြေနှင့် မြေယာပိုင်ဆိုင်မှုမှတ်တမ်းများကို ထိန်းသိမ်းခြင်း
- အငြင်းပွားမှုဖြေရှင်းပေးခြင်း- မြေယာပိုင်ဆိုင်မှု သို့မဟုတ်အသုံးပြုမှုနှင့်ပတ်သက်၍ ပဋိပက္ခများကို ဖျန်ဖြေပေးခြင်း

## ၈။ ကျေးရွာအဆင့်စီးပွားရေးမြှင့်တင်ခြင်း(Promoting Village-Level Economy)

- အသေးစား စီးပွားရေး လုပ်ငန်းများ - အိမ်တွင်း စက်မှုလုပ်ငန်း၊ လက်မှုပညာနှင့် အသေးစားလုပ်ငန်းများကို အားပေးခြင်း
- အသေးစားငွေရေးကြေးရေး- လယ်သမားများ သို့မဟုတ် လုပ်ငန်းရှင်များအတွက် ချေးငွေရရှိရေး စီမံဆောင်ရွက်ပေးခြင်း

## ၉။ ကျေးရွာဘေးကင်းလုံခြုံရေး(Village Safety and Security)

- ရပ်ရွာအခြေပြု ရဲတပ်ဖွဲ့- ရာဇဝတ်မှုများကို တားဆီးရန်တရားဥပဒေစိုးမိုးရေးတာဝန်ရှိရဲအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် ခြင်း၊
- ပဋိပက္ခဖြေရှင်းချက် - ရပ်ရွာ အေးချမ်းသာယာရေးကိုထိန်းသိမ်းရန်အတွက် ရပ်ရွာအတွင်း အငြင်းပွားမှုများကို ဖျန်ဖြေပေးခြင်း၊
- သဘာဝဘေးကြိုတင်ပြင်ဆင်မှု- ဘေးဥပါဒ်များကြုံလာလျှင်လုပ်ဆောင်ရမည့် အရေးပေါ်အစီအမံများထားရှိပြီး ရွာသားများအားကြိုတင်အသိပညာပေးခြင်း

## ၁၀။ ကျေးရွာလူထုပူးပေါင်းပါဝင်မှုနှင့် ကိုယ်စားပြုမှု

## (Citizen Participation and Representation)

- လူထုတွေ့ဆုံပွဲများ- ရပ်ရွာဆိုင်ရာကိစ္စရပ်များနှင့် ဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်များကို ဆွေးနွေးရန်အတွက် ကျေးရွာကောင်စီအစည်းအဝေးများကျင်းပခြင်း ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေးပြီး လူထု၏အကြံဉာဏ်ရယူခြင်း၊
- မကျေနပ်ချက်များကို ပြန်လည်ဖြေရှင်းခြင်း- ကျေးရွာသား များ၏ စိုးရိမ်မှုများကို နားထောင်ခြင်းနှင့် မကျေနပ်ချက်များကို ဖြေရှင်းပေးခြင်း
- ပြည်သူ များ ပါဝင်ဆုံးဖြတ်စေခြင်း- ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ကျေးရွာပြည်သူများပါဝင်ဆုံးဖြတ်စေခြင်း

# အခြားနိုင်ငံများ၏ ဥပမာများ လေ့လာခြင်း

- အိန္ဒိယနိုင်ငံတွင် ကျေးရွာကောင်စီ - Gram Panchayat (ကျေးရွာများတွင် ရေအရင်းအမြစ်၊ သန့်ရှင်းရေးနှင့် မူလတန်း ပညာရေးကို စီမံခန့်ခွဲသည်)
- တရုတ်နိုင်ငံတွင် ကျေးရွာ ကော်မတီများ (မြေယာခွဲဝေပေးရေး၊ ဒေသဆိုင်ရာ အငြင်းပွား မှုဖြေရှင်းရေးနှင့် ပြည်သူ့ကျန်းမာရေးတို့ကို ကိုင်တွယ်ဆောင်ရွက်သည်)
- ကင်ညာနိုင်ငံ (ရွာလူကြီးများသည် လမ်းများနှင့် စာသင်ကျောင်းများကဲ့သို့ စီမံကိန်းများကို အကောင်အထည်ဖော်ရန် ပြည်နယ်/ခရိုင်အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်)

# ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရစည်းမျဉ်းဥပဒေများ

၁။ ပြည်သူ့ကျန်းမာရေးနှင့် သန့်ရှင်းရေး စည်းမျဉ်းဥပဒေများ

၂။ အများပြည်သူဘေးကင်းရေးနှင့်အဆင်ပြေရေး စည်းမျဉ်းဥပဒေများ

၃။ မြေယာအသုံးပြုမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး စည်းမျဉ်းဥပဒေများ

၄။ အခြေခံအဆောက်အအုံနှင့် ဖွံ့ဖြိုးတိုးတက်ရေး စည်းမျဉ်းဥပဒေများ

၅။ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ စည်းမျဉ်းဥပဒေများ

၆။ ပညာရေးနှင့် လူမှုဖူလုံရေး စည်းမျဉ်းဥပဒေများ

၇။ အခွန်အကောက်နှင့် အခွန် စည်းမျဉ်းဥပဒေများ

၈။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း ဥပဒေများ

# ၁။ ပြည်သူ့ကျန်းမာရေးနှင့်သန့်ရှင်းရေးစည်းမျဉ်းဥပဒေ

## (Public Health and Sanitation Bylaw)

- ❑ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ- အမှိုက်စုဆောင်းခြင်း၊ စနစ်တကျ စွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်း ဆိုင်ရာစည်းမျည်းစည်းကမ်းများ
- ❑ သန့်ရှင်းရေးစည်းမျဉ်းများ- သန့်ရှင်းသောအိမ်သာများ ဆောက်လုပ်ခြင်းနှင့် နေရာသတ်မှတ်ချက်များ
- ❑ ချောင်းမြောင်းများ- ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်း လုပရေးဆိုင်ရာစည်းကမ်းများ
- ❑ သောက်သုံးရေ ဖူလုံရေးဆိုင်ရာ စည်းကမ်းများ- သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရရှိရေး အစီအမံများနှင့် အသုံးပြုမှု ဆိုင်ရာစည်းကမ်းများ
- ❑ ပိုးမွှားနှင့်ရောဂါထိန်းချုပ်ရေးဥပဒေများ- ခြင်ထိန်းချုပ် ရေး၊ ကြွက်နှင့် အခြားတိရစ္ဆာန်များမှ ရောဂါကူးစက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ ပြည်သူ့ကျန်းမာရေးအတွက် ပြည်သူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်း သတ်မှတ်ချက်များ ပြဋ္ဌာန်းခြင်း

# ၂။ အများပြည်သူဘေးကင်းရေးနှင့်အဆင်ပြေရေး စည်းမျဉ်းဥပဒေ

## (Public Safety and Order Bylaw)

- ဆူညံသံထိန်းချုပ်ရေး ဥပဒေများ- ကျေးရွာတွင်အများသူငှာ စိတ်အနှောင့်အယှက် မဖြစ်စေရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း ဆူညံသံမပေါ်ပေါက်ရေးကန့်သတ်ချက်များ ချမှတ်ခြင်း
- မီးဘေးလုံခြုံရေး စည်းမျဉ်းများ- မီးဘေးကာကွယ်တားဆီးရန် အစီအမံများဆောင်ရွက်ခြင်း။ ဥပမာ- ရိုးပြတ်များ၊ စွန့်ပစ်အမှိုက်များ မီးရှို့ခြင်း ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လယ်ကွင်း တောင်ယာ မီးရှို့ခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ တောမီးလောင်ခြင်းတားဆီးရေးစည်းမျဉ်းဥပဒေများ
- တိရစ္ဆာန်ထိန်းချုပ်ရေးဥပဒေများ- အများပြည်သူဘေးကင်း စေရန်နှင့် အနှောင့်အယှက်မဖြစ်စေရန် မွေးမြူရေး လုပ်ငန်းများ၊ အိမ်မွေးတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သက်ဆိုင်သောစည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း

# ၃။ မြေယာအသုံးပြုမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး စည်းမျဉ်း

## (Land Use and Environmental Protection Bylaw)

- ဇုန်သတ်မှတ်ခြင်းစည်းမျဉ်းများ- စိုက်ပျိုးရေးမြေ၊ လူနေရန်မြေ၊ အများသူငှာ ဘုံအသုံးပြုမြေ၊ ပန်းဥယျာဉ်၊ တိရစ္ဆာန် သွားလာရန်လမ်း၊ စားကျက်မြေ၊ သုသာန်မြေ၊ မီးတားမြေ၊ စသည်ဖြင့် စနစ်တကျဇုန်သတ်မှတ်ထားခြင်း
- ရေအရင်းအမြစ်စီမံခန့်ခွဲမှုဥပဒေများ- ရေရှည်တည်တံ့သော သောက်သုံးရေရှိမှုကို သေချာစေရန်အတွက် ရေတွင်းများ၊ ရေကန်များနှင့် ဆည်မြောင်းများမှ ရေရယူအသုံးပြုမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
- သစ်ပင်နှင့် သစ်တောထိန်းသိမ်းခြင်းဆိုင်ရာ စည်းမျဉ်းများ-သစ်ပင်များနှင့် ဒေသသစ်တောများကို ကာကွယ်ခြင်း၊ သစ်တော ပြုန်း တီး မှုကို တားဆီးခြင်းနှင့် သစ်တော ပြန်လည်ထူထောင်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများ

# ၄။ အခြေခံအဆောက်အအုံနှင့် ဖွံ့ဖြိုးတိုးတက်ရေး စည်းမျဉ်းဥပဒေ

# (Infrastructure and Development Bylaw)

- ❑ လမ်းထိန်းသိမ်းခြင်းစည်းကမ်းများ- ကျေးရွာလမ်းများ၊ ခြေလျင်လမ်းများနှင့် တံတားငယ်များ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်အသုံးပြုမှုဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ
- ❑ အဆောက်အဦးဆောက်လုပ်ခြင်းဆိုင်ရာ စည်းမျဉ်းများ-အိမ်ဆောက်ခြင်း၊ ရပ်ရွာစင်တာများ သို့မဟုတ် အများနှင့် သက်ဆိုင်သော အဆောက်အဦးများ ဆောက်လုပ်ခြင်း များ အတွက် သင့်လျော်သောသတ်မှတ်ချက်များထားရှိခြင်း
- ❑ လမ်းမီးဆိုင်ရာစည်းမျဉ်းများ- အများသူငှာ နေရာများတွင် လမ်းမီးများ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း တို့ဆိုင်ရာ စည်းမျဉ်းများ ချမှတ်ခြင်း

# ၅။ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ စည်းမျဉ်းဥပဒေ

## (Agriculture and Livelihood Bylaw)

- စိုက်ပျိုးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ- ဆည်မြောင်းရေ ရရှိအသုံးပြုမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ ဓာတ်မြေဩဇာ အသုံးပြုမှု ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် တိရိစ္ဆာန်များကြောင့် သီးနှံပျက်စီးခြင်းမှ ကာကွယ်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ
- ဈေးကွက်နှင့် ကုန်သွယ်မှု စည်းမျဉ်းများ- ဒေသတွင်း ဈေးကွက်များ၊ အပတ်စဉ်ဈေးပွဲများနှင့် လယ်ယာထွက်ကုန်များ ရောင်းချခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးသည့် စည်းမျဉ်းဥပဒေများ
- အိမ်တွင်းစက်မှုလုပ်ငန်းစည်းမျဉ်းများ- ရက်ကန်းလုပ်ငန်း၊ မြေအိုးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းစသော ကျေးရွာရှိ အသေးစားစီးပွားရေး လုပ်ငန်းများ ကို ပံ့ပိုးပေးသည့် စည်းမျဉ်းဥပဒေများ

# ၆။ ပညာရေးနှင့် လူမှုဖူလုံရေး စည်းမျဉ်းဥပဒေ

# (Education and Community Welfare Bylaw)

- ကျောင်းစီမံခန့်ခွဲမှု စည်းမျဉ်းများ- စာသင်ကျောင်းများ လည်ပတ်မှုကို ပံ့ပိုးပေးခြင်းနှင့် ကလေးများအတွက် ပညာရေး မြှင့်တင်ပေးခြင်းဆိုင်ရာစည်းမျဉ်းများ။
- လူမှုဖူလုံရေး စည်းမျဉ်းများ- အမျိုးသမီးများ အတွက် ကျွမ်းကျင်မှုသင်တန်းများ၊ ကလေးများနှင့် သက်ကြီးရွယ်အို များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကဲ့သို့သော လူမှုဖူလုံရေးအစီအစဉ်ဆိုင်ရာများ။
- အများသူငှာ စုဝေးခြင်းဆိုင်ရာ စည်းမျဉ်းများ- ပွဲတော်များ၊ ဘာသာရေးစုဝေးပွဲများ သို့မဟုတ် ရပ်ရွာပွဲလမ်းသဘင်များ တွင် အများသူငှာ ဘေးကင်းစေရန်အတွက် စည်းကမ်းသတ် မှတ်ချက်များ (ပွဲလမ်းသဘင်အပြီးတွင် အမှိုက်များ ပြန်လည် သိမ်းဆည်းရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များပါဝင်ပါသည်။)

# ၇။ အခွန်အကောက်နှင့် အခွန် စည်းမျဉ်းဥပဒေ

# (Taxation and Revenue Bylaw)

- အိမ်ခြံမြေအခွန်စည်းမျဉ်းများ- အိမ်ခြံမြေ သို့မဟုတ် စိုက်ပျိုး မြေအပေါ် အခွန်စည်းကြပ်ခြင်း။
- ဈေးကောက်ငွေစည်းမျဉ်းများ- ကျေးရွာ ဈေး ကွက်တွင် လုပ်ကိုင်နေသော ဈေးသည်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းများထံမှ အခကြေးငွေကောက်ခံခြင်း။
- အသုံးပြုသူ အခကြေးငွေ စည်းမျဉ်းများ- ရေစနစ်များ သို့မဟုတ် ရပ်ရွာခန်းမများကဲ့သို့ အများသူငှာ အသုံးဆောင်ပစ္စည်းများကို အသုံးပြုခြင်းအတွက် အခကြေးငွေကောက်ခံ ခြင်းဆိုင်ရာစည်းမျဉ်းဥပဒေများ

# ၈။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းဥပဒေ

# (Governance and Administrative Bylaw)

- ကျေးရွာကောင်စီ အစည်းအဝေး စည်းမျဉ်းစည်းကမ်းများ- ကျေးရွာ ကောင်စီအစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ထိုအစည်းအဝေးများတွင်ရပ်ရွာ လူထု ပူးပေါင်းပါဝင်နိုင်ရေးသတ်မှတ်ချက်များ။
- ရွေးကောက်ပွဲ စည်းမျဉ်းများ- ကျေးရွာ ကိုယ်စားလှယ်များ ရွေးကောက်ပွဲ အတွက် လုပ်ငန်းစဉ်စည်းမျဉ်းများ။
- ပွင့်လင်းမြင်သာမှု ဆိုင်ရာစည်းမျဉ်းများ- ငွေရေးကြေးရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များတွင် တာဝန်ခံမှု တာဝန်ယူမှုရှိစေရန် စာရင်းဇယားများတိကျမှန်ကန်စွာထားရှိခြင်း၊ အများသူငှာအား အသိပေးချပြခြင်း ဆိုင်ရာသတ်မှတ်ချက်များ

# ၉။ လူမှုသဟဇာတဖြစ်မှုနှင့် အငြင်းပွားမှုဖြေရှင်းရေး စည်းမျဉ်းဥပဒေ
## (Social Harmony and Dispute Resolution Bylaw)

- ပဋိပက္ခကြားဝင်ဖျန်ဖြေရေးစည်းမျဉ်းများ- မြေယာ၊ ရေ၊ သို့မဟုတ် အခြားစီးပွားရေး လူမှုရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း။
- ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး စည်းမျဉ်းများ- အားလုံးပါဝင် မှုကို အားပေး မြှင့်တင်ခြင်းနှင့် ဇာတ်၊ ကျား၊ မ၊ သို့မဟုတ် လူမျိုးရေး၊ ဘာသာရေးအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း ကို တားဆီးခြင်းဆိုင်ရာစည်းမျဉ်းဥပဒေများ

# ၁၀။ ယဉ်ကျေးမှုနှင့် အပန်းဖြေခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေ

## (Cultural and Recreational Bylaw)

- ယဉ်ကျေးမှု ထိန်းသိမ်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ - ဒေသဆိုင်ရာ ရိုးရာဓလေ့များ၊ ပွဲတော်များ၊ အထိမ်းအမှတ်နေရာများကို ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။
- အများသူငှာအပန်းဖြေနေရာစည်းမျဉ်းများ- ပန်းခြံများ၊ ကစားကွင်းများနှင့် အခြား အများသူငှာ အပန်းဖြေ နေရာများ ဆိုင်ရာစည်းမျဉ်းဥပဒေများ

## ကျေးရွာအုပ်ချုပ်ရေးဒေသန္တရစည်းမျဉ်းဥပဒေ များ ရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်များ

1. စည်းမျဉ်းဥပဒေ လိုအပ်ချက်များကို ဖော်ထုတ်ခြင်း
2. ဒေသန္တရစည်းမျဉ်းဥပဒေမူကြမ်းရေးဆွဲခြင်း
3. အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း
4. ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း
5. ကျေးရွာကောင်စီ၏သဘောတူညီချက်ရယူခြင်း
6. အဆင့်မြင့်အာဏာပိုင်ခွင့်ပြုချက်အတွက် တင်ပြခြင်း
7. စည်းမျည်းဥပဒေ တရားဝင်ပြဋ္ဌာန်းခြင်း
8. အကောင်အထည်ဖော်ခြင်း
9. စောင့်ကြည့်အကဲဖြတ်ခြင်း

*Source*
*RESEARCH, INSIGHTS, AND IDEAS*
*The Knowledge Series*

# ဒေသန္တရစည်းမျဉ်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်း အကောင် အထည်ဖော်ရာတွင်လိုက်နာရမည့် အဓိကအခြေခံမှုများ

- ပွင့်လင်းမြင်သာမှု (Transparency)- ဒေသန္တရစည်းမျဉ်း ဥပဒေများကိုရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပြီး၊ အဆင့်တိုင်းတွင် အများပြည်သူကို အသိပေးရန်လိုအပ်ပါသည်။

- ကျေးရွာလူထု၏အကြံပြုချက်နှင့်လိုအပ်ချက်များပါဝင်မှု (Inclusivity)- ကျေးရွာဒေသန္တရစည်းမျဉ်းဥပဒေများသည် ကျေးရွာ၏ အကျိုးစီးပွားအတွက် ဖြစ်စေရပါမည်။ ရပ်ရွာနေ ပြည်သူလူထု၏ လိုအပ်ချက်များနှင့် အကြံပြုချက်များကို ထင်ဟပ်စေရပါမည်။

- ဥပဒေကြောင်းအရညီညွတ်ခြင်း(Legality)- ဒေသန္တရစည်းမျဉ်းဥပဒေများသည် အထက်မြင့်ဥပဒေ များဖြစ်သော ပြည်နယ်/ တိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ကိုက်ညီရပါ မည်။

- ပြဋ္ဌာန်းထားသော ဒေသန္တရစည်းမျဉ်းဥပဒေအား ထိရောက်စွာလိုက်နာစေမှု (Enforcement)- ပြဋ္ဌာန်းထားသော ဒေသန္တရစည်းမျဉ်းဥပဒေအား ထိရောက်စွာလိုက်နာမှု ရှိစေရန် စောင့်ကြည့်ခြင်းနှင့် လိုက်နာမှုမရှိပါကပြစ်ဒဏ်များပေး ခြင်းအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ယူ လုပ်ဆောင်ရပါမည်

- **Source: RESEARCH, INSIGHTS AND IDEAS – “The Knowledge Series.”**